unesco

# ကပွဲ

## The Dance Show

လပြည့် (Rainbow)

ကာတွန်းသရုပ်ဖော်– သီဟ (စခန်းသစ်)

La Pyae (Rainbow)

Illustrated by Thiha (Sakhan Thit)



# ကပွဲ
# THE DANCE SHOW



Published in 2023 jointly by

United Nations Educational, Scientific and Cultural Organization (UNESCO), Project Antenna Office, Yangon, Myanmar
and
Third Story project
No. 28, Ground Floor, 52 street, Pazundaung Township, Yangon, Myanmar

© UNESCO and Third Story Project 2023

This publication is available in Open Access under the Attribution-ShareAlike 3.0 IGO (CC-BY-SA 3.0 IGO) license (http://creativecommons.org/licenses/by-sa/3.0/igo/). By using the content of this publication, the users accept to be bound by the terms of use of the UNESCO Open Access Repository (http://www.unesco.org/open-access/terms-use-ccbysa-en).

The designations employed and the presentation of material throughout this publication do not imply the expression of any opinion whatsoever on the part of UNESCO concerning the legal status of any country, territory, city or area or of its authorities, or concerning the delimitation of its frontiers or boundaries.

The ideas and opinions expressed in this publication are those of the authors; they are not necessarily those of UNESCO and do not commit the Organization.

Open Access is not applicable to non-UNESCO photos protected by copyright in this publication and may not be used or reproduced without the prior permission of the copyright holders.

Story: The Dance Show
Written by: La Pyae (Rainbow)
Illustrated by: Thiha (Sa Khan Thit)
Edited by: Than Lwin Myint
Printed by: UNESCO Myanmar Project Office and Third Story Project
Printed in Yangon, Myanmar.

တိုးတိုး ဆိုတဲ့ ကောင်ကလေးတစ်ယောက် ရှိပါတယ်။ သူဟာ ကျောင်းတက်တယ်။
မိဘကူတယ်။ သင်ခန်းစာတွေ လေ့ကျင့်တယ်။ စာဖတ်တယ်။ ဒီလိုအလုပ်တွေ လုပ်နေရတာ သူ ပျော်ပါတယ်။

There was a boy named Toe Toe. He went to school.
Then he helped his parents. Then he studied his lessons.
He read. He had been happy with his life.





ပျော်စရာမကောင်းတာ တစ်ခုတော့ရှိတယ်။ တခြားကလေးတွေက တိုးတိုးကို
အမြဲတမ်း စ နောက် နေကြတာပဲ။ သန့်ဇင်၊ ဉက္ကာ နဲ့ ဆုမြတ် တို့က အဆိုးဆုံး ပဲ။

**However, there were some kids, like Okkar, Thant Zin and Su Myat, who always make fun of Toe Toe.**

ဝိုင်းပြီး စကြ နောက်နေကြလည်း တိုးတိုးက အလွန်ဝမ်းနည်းမနေပါဘူး။
သူ့မေမေက ပြောထားတယ်။ "သင်ယူရာမှာ ကြိုးစားရင်၊
နိုင်ငံသားကောင်းပီသရင် တန်ဖိုးရှိတဲ့သူပဲ" တဲ့။

**Even if they did so, Toe Toe did not feel really bad. His mother told him, "If you study hard, if you are a good citizen, then, you are a valuable person."**



တစ်ရက်ကျတော့ “ကျွန်ုပ်၏ဝါသနာ” ဆိုတဲ့ ခေါင်းစဉ်အကြောင်း အတန်းထဲမှာ ဆရာမက ဆွေးနွေးခိုင်းတယ်။ တိုးတိုး အလှည့်ရောက်တော့ မတ်တပ်ရပ်ပြီး သူ့ဝါသနာကို ဖြေလိုက်တယ်။ ထုံးစံအတိုင်း အားလုံးက ဝိုင်းရယ်ကြပြန်တယ်။ ဝိုင်းရယ်ခြင်း ခံရပေမယ့် တိုးတိုး မရှက်ပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ဝါသနာကို မလှောင်ပြောင်သင့်ဘူးလို့တော့ သူသိလိုက်တယ်။

One day, the teacher asked the class to discuss the topic “My hobby”. When it was Toe Toe’s turn, he stood up and answered his hobby. As usual, everyone laughed again. However, Toe Toe was not ashamed, he realized no one should mock one’s hobby.

တစ်ညနေမှာ ဖြစ်ပါတယ်။ မေမေ အလုပ်က ပြန်လာတဲ့အချိန် တိုးတိုးက ခုလိုပဲ ပြောလိုက်တယ်။ "မေမေ၊ ရပ်ကွက် ကပွဲကို
တိုးတိုးလည်း သွားကြည့်ချင်တယ်" "သား ကျောင်းအိမ်စာတွေ လုပ်ပြီးရင် မေမေ လိုက်ပို့မယ်။ လမ်းလျှောက်ပြီး
သွားကြမယ်လေ" မေမေနဲ့အတူ အပြင်ကို လိုက်လည်ရတာ တိုးတိုး ကြိုက်တယ်။

**It was one evening. Toe Toe told his mother, "Mom, I would like to enjoy the dance show in our quarter."**

**"After you have finished your homework, we will go there."**

**Toe Toe likes hanging out with his mother.**



တိုးတိုး က ဆိုင်းသံဗုံသံ တီးလုံးသံဆို သဘောကျတယ်။ သူ သဘောကျတဲ့ အရာကို မြင်ရတော့မယ်ဆိုတဲ့ စိတ်ကြောင့် ရင်တွေတောင်ခုန်လို့ပေါ့။ ကပြနေတဲ့ မင်းသမီးလေးက တော်လိုက်တာနော်။ “မေမေရေ မင်းသမီးလေးဝတ်စုံက သိပ်လှတာပဲ” တိုးတိုးက မေမေ့လက်ကို တွဲထားရင်း မင်းသမီးလေးကိုပဲ လိုက်ငေးနေမိတယ်။

**Toe Toe likes the sound of Hsaing (Myanmar orchestra), drums and beats. So, he was excited to see the performance of Minthami. Dancing Minthami, Myanmar maiden dancer was splendid. “Mom, her dress is so beautiful.” Toe Toe was staring at Minthami while holding his mother’s hand .**



မေမေ နဲ့ တိုးတိုး တို့ အိမ်ပြန်ရောက်ပါပြီ။ အိမ်ရောက်တဲ့အထိ ဆိုင်းသံဗုံသံတွေ ကြားနေရဆဲပဲ။ တိုးတိုး မနေနိုင်တော့ပါ။

မေမေ တိုးတိုး ကို ကြည့်နေပါလား။ သူ စိုးရိမ်သွားမိတယ်။ မေမေ သူ့ကို ရိုက်တော့မှာလား။ ကျောင်းက ကလေးတွေလို ဟားမလား။

Toe Toe and his mother went home. He could still hear the sound of drums. Toe Toe could not keep it inside anymore.

His mother was looking at Toe Toe. He was worried. “Is mom going to beat me? Is she going to laugh at me like the kids from school?”



“မေမေ သား ဒီလိုဝတ်ပြီး က,ချင်တာကို ရှက်လားဟင်”

မေမေက တိုးတိုး လက်ကလေးကို ကိုင်ပြီး ပြန်ပြောတယ်။
“သားရယ် မိဘဆိုတာ သားသမီးရဲ့ ဝါသနာကို ပံ့ပိုးပေးချင်တာပဲပေါ့။
သား ဝါသနာပါတယ်ဆိုရင် ဒီလိုဝတ်ပြီး က,လို့ ရပါတယ်။
မေမေ ခွင့်ပြုမယ်။ ဒါပေမဲ့ ထူးချွန်အောင်တော့ ကြိုးစားရမယ်”

မေမေ့ကို တိုးတိုး အလွန်ချစ်ပါတယ်။

မေမေ့ခွင့်ပြုချက်ရတော့ တိုးတိုး ပိုကြိုးစားတယ်။
ဝိုင်းဟားကြသူတွေရှိပေမယ့် မေမေ့ရဲ့အားပေးမှုကြောင့်
တိုးတိုး ပိုပြီး သတ္တိရှိလာခဲ့တယ်။

"Mommy, are you ashamed of me wanting to dance and dressed like this?"

His mother said softly, holding his hand.
"Son, parents want to support their children's interests. If you like it, you can wear it. I will allow you. But you have to try to be excellent."

Toe Toe loves his mother so much.

Having gotten his mother’s approval, Toe Toe tried harder. Although there were people who were laughing at him, Toe Toe now became braver due to his mother’s support.



ကျောင်းကပွဲနေ့ကို ရောက်ပါပြီ။ ဝါသနာကို အစွမ်းပြရတော့မှာမို့
တိုးတိုးတစ်ယောက် ပျော်နေတယ်။ ကျောင်းကို ပေါ့ပါးတဲ့ ခြေလှမ်းတွေနဲ့
ထွက်လာခဲ့တယ်။

Prom day. Toe Toe was thrilled because he was going to show off his talent. He went to school with light steps.

"ဒေါ်ဒေါ် ဘာဖြစ်လို့လဲဟင်"
"ခေါင်းမူးပြီး လဲကျလို့ပါ မင်းသမီးလေးရယ်"
"ဆေးခန်းကို သားလိုက်ပို့ ပေးမယ်နော်"
"ကျေးဇူးပါပဲကွယ်"

"What happened aunty?"
"I felt dizzy and fell off, little girl."
"I will take you to the clinic, aunty."
"Thank you."



ဆေးခန်းမှာ ဆရာဝန်က ပြုစုကုသပေးတဲ့အခါ နေမကောင်းတဲ့အဒေါ်ကြီး
သက်သာလာတယ်။ အဒေါ်ကြီး နေကောင်းလာတော့ သူ့ဖုန်းကလေး ထုတ်ပြီး
မိသားစုဝင်တွေကို ဖုန်းဆက်ခေါ်တယ်။ ဘယ်သူတွေ ရောက်လာတယ် ထင်ပါသလဲ။

After the doctor treated her at the clinic, the sick lady got better. When she got better, she took out her phone and called her family members. Who do you think came?

နေမကောင်းလို့ လဲကျနေခဲ့တာ သန့်ဇင်ရဲ့မေမေ ဖြစ်နေတာပေါ့။
“ငါ့မေမေကို ကူညီခဲ့တာ ကျေးဇူးတင်ပါတယ်ကွာ၊ မင်းသာ မကူညီရင် ဒုက္ခပါပဲ”
သန့်ဇင်က ကျေးဇူးတင်စကားပြောရင်း တောင်းပန်တယ်။

The sick aunty was Thant Zin’s mother.
“Thanks for helping my mother.
If you did not help her, it would have caused a lot of trouble.”
Thant Zin apologized and thanked him.



ကျောင်းကပွဲ နောက်မကျအောင် အမြန်သွားရပါတယ်။

ခုဆို တိုးတိုးကို နားလည်ခင်မင်တဲ့ သူငယ်ချင်း သုံးယောက်လည်း ထပ်ရပြီ။ တိုးတိုးက ပညာကုန်ထုတ်ပြီး ကြိုးစား က,တယ်။

အတန်းသူ အတန်းသားတွေက ပျော်ရွှင်စွာ အားပေးနေကြတယ်။ တစ်ဦးနှင့်တစ်ဦး မတူကြပေမယ့်လည်း လေးစားချစ်ခင်ကြတယ်လေ။

**Then, he went to school quickly not to be late. Now, Toe Toe had got three more new friends who could understand him. Toe Toe tried his best during his performance. His classmates were cheering happily. Although they were different from each other, they loved. and respected each other.**



# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

## Questions for kids

(၁) ကိုယ်ဘယ်လိုလူလဲဆိုတာ မိသားစုဝင်တွေ၊ မိတ်ဆွေ သူငယ်ချင်းတွေဆီကနေ ဖုံးကွယ်ထားတာနဲ့ ထုတ်ဖော် ပြောကြားပြသတာ ဘယ်အရာက ပိုကောင်းသလဲ။

(1) Which is better, revealing the kind of person you are, including your interests and hobbies, or keeping them secret to family and friends?



(၃) တိုးတိုးလို သူငယ်ချင်း အတန်းဖော်တစ်ယောက်ကို တစ်ယောက်ယောက်က အနိုင်ကျင့်နေရင် ဘယ်လိုလုပ်မလဲ။

(3) What if someone bullies a classmate like Toe Toe? What will you do?



(၂) တိုးတိုး ရဲ့ အပြုအမူ စိတ်နေစိတ်ထားကနေ ဘာတွေ သင်ယူရရှိပါသလဲ။

(2) What did you learn from Toe Toe's behavior and attitude?





(၄) ကိုယ်နဲ့နေထိုင် ဝတ်ဆင်ပုံ၊ စိတ်ဝင်စားပုံ မတူတဲ့ အတန်းဖော်တစ်ယောက်မှာ ကိုယ်နဲ့တူနေတာရော ဘာတွေ ရှိသလဲ။

(4) What does a classmate with different interests and lifestyle have in common with you?

Third Story Project in cooperation with myanmar Story Tellers

facebook.com/thridstorychildrenbooks

